# ကြယ်စင်မှူးဝေ

## သူးတာစ်ပွင့်ရဲ့ ဒဏ္ဍာရီ



Design : Wah Wah Khaing

# အပိုင်း (၁)

## အခန်း (၁)

သို့

ဖြူဖြူခင် ...

နင့်အကြောင်းကြားရတာ ငါ စိတ်မကောင်းပါဘူး။ နင့်ယောက်ျား နောက်မိန်းမ ယူသွားလို့ ဆိုတာ မောင်ထွန်းလာတုန်းကမှ သိရတယ်၊ အဲဒါ နင် ဝဋ်လည်တာပဲ ဖြူဖြူခင်၊ မိဘတွေ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ခဲ့ရတဲ့ ဝဋ်တွေ နင့်ကို ပြန်လည်ပြီပေါ့၊ ငါ မြင်ယောင်နေသေးတယ်၊ အသက် ၁၆နှစ်တောင် မပြည့်သေးဘဲနဲ့ ချစ်သူနောက် ကောက်ကောက်ပါအောင် လိုက်သွားတုန်းက တို့ တွေ ဘယ်လောက် ရင်ကွဲပက်လက် ဖြစ်ခဲ့ရသလဲ။

ယောက်ျားတစ်ယောက်ရဲ့ အချစ်ဟာ ဘာလဲ ပိုင်းခြားလို့ မရဘူး။ ဘယ်လောက်ထိ စိတ်ချ ယုံကြည်ရမယ်ဆိုတာ ဘုရားမှ သိမှာ ပဲ။ ဘာပဲ

ဖြစ်ဖြစ်လေ အစ်မတစ်ယောက်အနေနဲ့ ငါ့မှာ တာဝန်ရှိတယ်။ နင့်သမီး တစ်ယောက်ကိုပါ ငါ့ဆီပို့ထားပါ။ နင်တို့ စားစရိတ် သက်သာတာပေါ့။ ရွှယ်ရွှယ်ကို ပိုလိုချင်တယ်။ အမွေစားအမွေခံ မဟုတ်ပေမဲ့ ရွှယ်ရွှယ့် အတွက် ငါအားလုံး တာဝန်ယူပါတယ်။ သမီးကြီးအတွက်လည်း ငါ တစ်လငါးထောင် ပေးပါ့မယ်။

ရွှယ်ရွှယ်ကို ခုလမကုန်ခင် ပို့လိုက်ပါ။ အိမ်က မြေးတွေ မနိုင်လွန်း လို့၊ ဒါပါပဲ။

စိတ်ချမ်းသာအောင် ကြိုးစားနေပါ ညီမ လူဆိုတာ ကံစီမံရာ ဖြစ် လာကြရတာပါပဲ။

အစ်မ ဖြူဖြူသွင်

စာကလေးတစ်ယောက်ကို ခေါင်းချင်းဆိုင်ဖတ်ရင်း ဒေါ်ဖြူဖြူခင်တို့ သားအမိ သုံးယောက်၏ ရင်ထဲမှာ ဆို့နင့်ကြေကွဲနေကြသည် ။ မိုးပုစဉ်း ရင်ကွဲလေး တစ်ကောင်၏ လွမ်းဆွေးဖွယ် အသံကြောင့်လည်း ဖြစ်နိုင် ပါသည် ။ ပြတင်းဝမှာ တည်းတည်းချိတ်နေသည့် လခြမ်းပဲ့လေးကြောင့် လည်း ပိုမိုလွမ်းဆွတ်သွားကြခြင်း ဖြစ်သည် ။

ဒေါ်ဖြူဖြူသွင်၏ စာကို ငေးမောရင်း ဒေါ်ဖြူဖြူခင်တို့ သားအမိအား လုံး စကားမဆိုနိုင်ကြ။ အချုပ်အုပ်ထားသည့် ဆေးခါးကြီးမှန်း မြင်ရုံနှင့် သိကြပြီးသား။ တစ်လငါးထောင်ပေးမယ်တဲ့ ။ အိမ်က မြေးတွေမနိုင် လွန်းလို့ တဲ့ ။ ရွှယ်ရွှယ့်ကို ကလေးထိန်းငှားလိုခြင်းမှန်း အဖြေက အထင်းသား ပေါ်နေ၏။

ဒေါ်ဖြူဖြူခင်မှာ သမီးချောသုံးယောက် ရှိသည့်အနက် ဖြူစင်ရွှယ်ကို မှ လိုချင်ပါသတဲ့ ။ သည့်ထက်ရှင်းသည့် အဖြေရှိဦးမတဲ့ လား။ ကြည့် လေ ...

သမီးကြီး ဖြူစင်ကြယ်က တတိယနှစ်ကျောင်းသူ။

သမီးလတ် ဖြူစင်ခြယ်က ဆယ်တန်းနှင့် ကျောင်းထွက်ထားရသည့် နှလုံးရောဂါသည် လေး။

သမီးငယ် ဖြူစင်ရွှယ်ကမှ လက်သွက် ခြေသွက် အလုပ်လုပ်ရာမှာ အသွက်ဆုံး သမီးလေး မဟုတ်ပါလား။ လောလောဆယ်ဆယ် ဆယ်တန်းအောင်ပြီးကာစမို့ ဘယ်ကျောင်းမှ လည်း မတက်ရသေး။ တော်တော်ပါးနပ်သည့် ဒေါ်ဖြူဖြူသွင် ဖြစ်သည် ။

အိမ်ထောင်တစ်ခုမှာ လင်ယောကျ်ားဟာ အိမ်ခေါင်မိုးကြီးတစ်ခု ဖြစ်ပါလိမ့်မည်။ ခင်ပွန်းသည် ပစ်သွားပြီး အမိုးမရှိတော့သည့် သည် အိမ်ကလေးထဲမှာ ဒေါ်ဖြူဖြူခင် သမီးသုံးယောက်နှင့်အတူ ကြက်သအုပ် မကြီးသဖွယ် သမီးများကို ကိုယ့်ရင်ခွင်အောက်မှာ ကိုယ့်အတောင်ပံအောက်မှာ သိမ်းဝှက်အေးမြပေးလိုက်ချင်ပါသည် ။ သို့သော် ...

ကမ္ဘာကြီး မီးလောင်နေပီတဲ့ လား။ တစ်ကမ္ဘာလုံး မလောင်စေကာမူ ဒေါ်ဖြူဖြူခင်တို့ အိမ်ကလေးမှာ တော့ မီးအပူတွေ လောင်ဟပ်နေခဲ့ပြီ ဖြစ်သည် ။

ဘဝဆိုတာ ပင်လယ်ပြင်ကြီးဆိုရင်လည်း လှေတွဲလေးနှင့် ဒေါ်ဖြူဖြူခင် ကျော်ဖြတ်နိုင်ပါဦး တော့မလား၊ ကြီးမြင့်လှသည့် သမီးကြီးကျောင်းစရိတ်၊ မိသားစု စားဝတ်နေရေးတို့ ကို ဒေါ်ဖြူဖြူခင် မည်သို့ ကျော်ဖြတ်ရမှာ တဲ့ လဲ။ မာန်တင်းသည့် ကြားမှ စို့ထွက်လာသည့် မျက်ရည်များကို လက်ဖမိုးနှင့် အသာသုတ်ရင်း ဒေါ်ဖြူဖြူခင် သမီးနှစ်ယောက်ကို လှမ်းကြည့်မိသည် ။ ဖြူစင်ခြယ်နှင့် ဖြူစင်ရွှယ်။ ဖြူစင်ခြယ်ကတော့ ရောဂါသည် လေးပီပီ မျက်ရည်ကျနေရုံသာ။ ဖြူစင်ရွှယ်ကတော့ တက်ကြွစွာ ဖြေလိုက်သည် ။

"မေမေ့သဘောတိုင်းပဲ၊ သမီးကတော့ မေမေနဲ့ အတူ လုပ်ကိုင်စားရလည်း ဖြစ်တယ်၊ အန်တီသွင်တို့ ဆီမှာ သွားနေပါဆိုလည်း သွားနေလိုက်မယ်၊ မေမေ အဆင်ပြေသလို စီစဉ်ပါ သမီး နာခံမယ်"

ဖြူစင်ရွှယ့်စကားကြောင့် ဒေါ်ဖြူဖြူခင် မျက်ရည်များ အိုင်ထွန်းလုဖြစ်သွားရသည် ။ သမီးအလိမ္မာလေး။ ဘာမှ နားမလည်သေးသည့် အပျိုသင်စအရွယ်လေးကို သူမ အဝေးသို့ လွှတ်ရက်ပါမည်လား။ ရင်ထဲမှာ ပူလောင်ဆွေးမြည့်လှသည် ။

"မေမေကတော့ ဘယ်လွှတ်ချင်ပါ့မလဲ သမီးရယ်၊ မေမေ့ သမီးလေးတွေကို ရင်ခွင်ထဲမှာ ပဲ ထွေးပွေ့ထားချင်တာပေါ့၊ လင်းမွေ့မကြီးလို ကိုယ့်ဥတွေအားလုံး ရင်ခွင်ထဲမှာ ပဲ ရစ်ခွေဖုံးလွှမ်း ထားချင်တာပေါ့၊ ဒါပေမဲ့ ..."

မေမေ့စကားကြောင့် ဖြူစင်ရွှယ် သဘောပေါက်ရသည် ။ သူမတို့ မှ အကြွေးတွေလည်း လည်ပင်းခိုက်လို့ မဟုတ်လား။ ပြီးတော့ ကျောင်းတက်ရင်း တန်းလန်း၊ လှေလှော်ရင်း တက်ကျိုးရမည့် မမကြီး ဖြူစင်ကြယ်ကို သတိရလိုက်သည် ။ ကိုယ်က အရမ်းသွားချင်သည့် ပုံစံမျိုးဖြူစင်ရွှယ် ဖန်တီးရမည်။

"ဒါဆိုလည်း မေမေရယ် သမီးသွားလိုက်မယ်၊ တခြားနေရာမှာ သွားလုပ်မယ်ဆိုရင် မေမေ စိတ်မချဘူး မဟုတ်လား၊ ခုတော့ ကိုယ့်အဒေါ်အရင်းအိမ်မှာ ကိုယ့်မောင်လေးတွေကို ထိန်းပေးရမှာ ပဲ၊ ထမင်းချက်တာ ၊ အဝတ်လျှော်တာလည်း မဆန်းပါဘူး မေမေရယ်၊ သမီးက အိမ်မှာ အမြဲလုပ်ပေးနေကျပဲ၊ ပြီးတော့ တစ်လ ငါးထောင်ပေးမှာ ဆိုတော့ မမကြီးကျောင်းစရိတ် ဝင်ခုတာပေါ့ မေမေ၊ သမီး လိုက်သွားမယ်နော်၊ မေမေနဲ့ မမလေး နှစ်ယောက်တည်းဆိုတော့ မေမေမုန့်ဟင်းခါး ထွက်တဲ့

အမြတ်နဲ့ စားလောက်တာပေါ့နော်၊ မေမေနော် သမီးလိုက်သွားမယ်၊ ပြီးတော့ ရန်ကုန်ဆိုတာကြီးမှာ သမီး နေချင်တယ်၊ နေဖူးချင်တယ် မေမေ အရမ်းပျော်ဖို့ ကောင်းမှာ ပဲနော်"

မပျော်ဘဲနှင့် ပျော်ဟန်ဆောင်ပြီး ပူဆာနေသည့် သမီးငယ်လေး၏ ရုပ်က ငိုမဲ့မဲ့မို့ ဒေါ်ဖြူဖြူခင် ကြေကွဲရသည် ။ သူမအဖြစ်ကလည်း ဆူးကြားက ဘူးနှယ်၊ မလူးသာမလွန့်သာ။ ကိုယ့်သမီးငယ်လေးကိုသာ တစ်ခါမှ မမြင်ဖူးသေးသည့်နှယ် ကြောင်ကြောင်ကြီးငေး ကြည့်နေမိတော့သည် ။

ခံစားချက်တွေ လွန်သွားတဲ့ အခါ နှလုံးသားဟာ အငွေ့ဖြစ်သွားတတ်သတဲ့ လား။ ဒေါ်ဖြူဖြူခင်၏ မျက်ရည်မဲ့ မျက်ဝန်းများက ကြောင်စီစီ။

အသက် ဆယ့်ခြောက်နှစ်သာ ရှိသေးသည့် သမီးငယ်၏ အရပ်က မြင့်မြင့်မားမား ထွားထွားသွယ်သွယ်။ ဝိုင်းပင်တစ်ပင်လို ရှည်သွယ်သော အလှက ကဗျာဆန်ဆန်။ ကျောဘက်မှာ စုစည်းထားသည့် ပိုးသားဆံနွယ်တို့ ကအစ အိအိလှလှ ဖားဖားနွယ်နွယ်နှင့် ခါးတစ်ဝိုက်မှာ ဝေ့ဝဲလျက်။ မွေးညင်းနုကလေးများ နှင့် အသားဖွေးဖွေး စိမ်းစိမ်းကလေးများက အစ တော်ဝင်မင်းသမီးလေးနှယ်။

နုသစ်စ ပုရစ်ဖူးလေးက မီးလောင်နေတဲ့ ကမ္ဘာလောကကြီးမှာ အံဝင်ခွင်ကျ ဖြစ်ပါ့မလား။

ဟင့်အင်း ကျွန်မသမီးလေး လောင်ကျွမ်းသွားမှာ ပေါ့။ သိမှတ်မဲ့စွာ ဒေါ်ဖြူဖြူခင် ခေါင်းကို ခါယမ်းနေမိသည် ။

"မဖြစ်ပါဘူး သမီးရယ် မဖြစ်ပါဘူး၊ မေမေ စိတ်မချဘူး၊ တို့ သားအမိတွေ လုပ်ကိုင်စားကြမယ်၊ အေးအတူ ပူအမျှပေါ့"

"ဟာ မေမေကလည်း မဟုတ်သေးပါဘူး၊ သမီးတို့ အဆင်မပြေတာထက် မမကြီး ကျောင်းဆက်တက်နိုင်ဖို့ က ပိုပြီး အရေးကြီးတယ် မေမေ၊ မေမေ မုန့်ဟင်းခါးအမြတ်က လောက်မှ မလောက်တာ၊ ငါးထောင်လောက် ဝင်ခုလည်း နည်းသလား မေမေရယ် သမီးသွားမယ်နော်၊ ကိုယ့်အဒေါ်အိမ်ပဲ မေမေ ဘာစိတ်မချစရာ ရှိမလဲ၊ သွားမယ်နော် မေမေနော်"

ဒီညဟာ ဒေါ်ဖြူဖြူခင့်အတွက် မီးသင့်ညပါပဲ။ လရောင်ဖျရေးရေးက သူမ၏ အလွမ်းဓာတ်ကို မရပ်တံ့စေနိုင်ခဲ့တော့။

တစ်ခါတုန်းက ချစ်သူ့လည်မှာ ခိုဝင်မှီတွယ်ခဲ့တာလည်း ဒီလို လရောင်ဖျရေးရေးမှာ ပါပဲ။ ဘဝဆိုတာ အိပ်မက်သဖွယ်၊ ကျွမ်းထိုးမှောက်ခုံ နိုင်လွန်းသည် ။

ယခုတော့ သည် လရောင်အောက်မှာ ပဲ ချစ်သူက ပစ်ထားခဲ့ပြီ။ သောကအစုအပုံ ကြားထဲမှာ ဖြူဖြူခင်ဆိုတဲ့ မိန်းမသားကို ပစ်ထားခဲ့ပေပြီ။ မိမိအတွက်ထက် သမီးတို့ အတွက် ပိုပြီး နာကြည်းမိပါသည် ။

မထွေးနိုင်။ မမျိုနိုင် ဘဝကြီးမှာ ရပ်တည်ရင်း ဒေါ်ဖြူဖြူခင် လခြမ်းပဲ့ကလေးကို မော့ကြည့်မိသည် ။ သူမတို့ ဘဝမှာ လပြည့်ညတွေ ဘယ်တော့မှ ရောက်မလာနိုင်တော့ပါဘူး။

လခြမ်းလေးနှင့်ပဲ မှုန်ဝါးစွာ ခရီးဆက်ပေတော့မည်။

လခြမ်းပဲ့လေးရေ သူမရှိတော့လို့ ပူလောင်ကျွမ်းခြောက်နေရတဲ့ အိမ်ကလေးပေါ်မှာ နွေးထွေးစွာ နားခိုလှည့်ပါဦးနော်။

# အခန်း (၂)

ပထမဦးဆုံး လေထီးခုန်ရမည့် စစ်သမီးကဲ့သို့ ဖြူစင်ရွှယ် နှလုံးခုန်နေမိသည် ။ တဂျုံးဂျုံး ခုတ်မောင်းနေသည့် ရထားကြီးနှင့်အပြိုင် ရင်ခုန်နေမိသည် ။

အရေးကြီးတာ အလေ့အကျင့်ပဲ။

သူမအရွယ်လေးတွေ အချို့ ကမ္ဘာကြီးကို ပတ်ကောင်းပတ်နေကြပေလိမ့်မည်။

မိဘနှင့်အစ်မတွေ မပါဘဲ တစ်ခါမှ ခရီးမသွားဖူးခဲ့သည် မို့ ဖြူစင်ရွှယ် ရင်ခုန်နေမိသည် ။ ရန်ကုန်ဆိုတာကြီးကို တစ်ခါမှ လည်း မရောက်ဖူးသူ ဖြစ်သည် ။

သို့သော် ဖြူစင်ရွှယ် အားရှိပါသည် ။ ရထားတွဲထဲမှာ လူတွေ အများကြီး ရှိသည် ။ ပြီးတော့ နေ့အလင်းရောင်မှာ ဆို ဖြူစင်ရွှယ် မည်သူ့ကိုမှ မကြောက်တတ်ပါ။

မေမေ ထည့်ပေးလိုက်သည့် ထမင်းဘူးကို ဖွင့်စားရင်း ညက မေမေ့မှာ တမ်းများကို သူမ သတိရမိပြန်သည် ။ မိခင်ဆိုတာ ဒီလိုပဲ စိတ်ပူတတ်ပါသလား။ မေမေ့အသွင်က ပျက်ယွင်းအိုစာလှသည် ။

"သမီး အပျိုစင်တစ်ယောက်ရဲ့ တန်ဖိုးဟာ ကိုယ့်အပျိုစင်ဘဝကို ထိန်းသိမ်း စောင့်ရှောက်ခြင်းပဲ၊ မိန်းကလေးဆိုတာ ပန်းပွင့်တစ်ပွင့်လိုပဲ

သမီး၊ တန်ဖိုးမထားတတ်တဲ့ သူက ခူးယူဖျက်ဆီးပစ်လိုက်ရင်လည်း ပန်းကလေးဘဝဟာ သွားရော။ အရာရာမှာ သတိရှိပါစေ၊ ယောကျ်ားဆိုလျှင် အဆိပ်ရှိကြတာချည်းပဲ။ အသက်ကြီးသည် ဖြစ်စေ၊ အသက်ငယ်သည် ဖြစ်စေ၊ အိမ်ထောင်ရှိသူဖြစ်စေ၊ အိမ်ထောင်မရှိသူဖြစ်စေ ပေါ့ပေါ့ဆဆ မဆက်ဆံရဘူး။

လောက မာယာတွေက အပြောကျယ်ပြီး မေမေ့သမီးလေးက ငယ်ရွယ်သေးကွေး လွန်းလှတယ်။ ဒီစကားတွေကို အတုံးလိုက် အတစ်လိုက် ပြောဖို့ မသင့်လျော်လှပေမဲ့ မေမေ့သမီးလေးက လောကစစ်မျက်နှာကို ရှက်ဖွင့်ထွက်ခွာရတော့မယ်။

ကိုယ့်ဘဝကို ထိန်းသိမ်းပါ၊ ကိုယ်နှုတ်နှလုံးသုံးပါးစလုံးကို စောင့်စည်းပါ။ ယောကျ်ားတွေကို အရောမဝင်ပါနဲ့ ။ ပရောပရည် မဆက်ဆံပါနဲ့ ၊ အငိုလွယ် အရှုံးခက်တတ်သတဲ့ ။ အိမ်ထောင်ရေးဆိုတာလည်း ရမ်းပြီး မစဉ်းစားနဲ့ နော်၊ သမီးအရွယ်ငယ်သေးတယ်"

မေမေ့စကားတွေကို ဖြူစင်ရွယ် လုံးစေ့ပတ်စေ့ မမှတ်မိတော့။ ယခုမှ အတုံးလိုက် အတစ်လိုက်ကြီး ဆုံးမဩဝါဒတွေ ပေးနေသည် မို့ သူမမှာ ရှက်သွေးမွှန်ပြီး ကြက်သီးတဖြန်းဖြန်း ထမိရသေးသည် ။ ဘယ်လိုကြီးပါလိမ့်နော်။

မေမေကလည်း ဘာတွေပြောနေမှန်း မသိပါဘူး။ စိတ်ကလည်း ပူတတ်လိုက်တာလွန်ရော။ ဖြူစင်ရွယ် ရန်ကုန်သွားမှာ များ နိုင်ငံခြားသွားမှာ ကြနေတာပဲ။

ယောကျ်ားတွေကို ပေါ့ပေါ့ဆဆ ဆက်ဆံလျှင် မီးလောင်တာထက်ဆိုးသတဲ့ ။ ချစ်သူရည်းစားကို အလိုလိုက်လျှင် ဘဝပျက်တတ်သတဲ့ ။ ရှက်စရာ မျက်နှာပူစရာတွေ။ သူမမှာ ဖြင့် ရည်းစားလည်း မရှိဘဲနဲ့ ။

ယောက်ျားတွေကိုလည်း အလိုလို ကြောက်တတ်ပါတယ်။

"အမေ့"

အတွေးများ ဖြင့် ပြုံးမိနေဆဲ ဖြူစင်ရွှယ့် မျက်စိရှေ့သို့ လက်ကြီးတစ်ဖက် ရောက်လာသဖြင့် သူမ လန့်ဖျပ်သွားသည် ။ သူမက အားငယ်နေရတဲ့ အထဲ။

"ရော့ ညီမလေး၊ ချိုးကြော်လေး စားလိုက်ပါဦး အပျင်းပြေ"

သူမနံဘေးမှ ထွက်ပေါ်လာသည့် လက်ကြီးဖြစ်သည် ။ လက်ကလည်း မဲမဲကြီး၊ အမွေးအမျှင်တွေဖြင့် မဲသဲနေသော်ငြား ရွှေဟန်းချိန်းနှင့် စိန်လက်စွပ်ကြီးက ခွံခွံထည်ထည်။ ဖြူစင်ရွှယ် ထိုလူကြီးကို မသိမသာ ကြည့်လိုက်သည် ။ အရွယ်ကတော့ လေးဆယ်ဝန်းကျင်။ ဖေဖေတို့ အရွယ်ပေါ့။ သို့ပေမဲ့ မေမေမှာ လိုက်သည် ။ ယောက်ျားဆိုလျှင် ကြီးကြီးငယ်ငယ် အရောမဝင်နှင့်တဲ့ ။ ယောက်ျားမှန်လျှင် အဆိပ်ပြင်းသည့် မြွေတွေချည်းပဲတဲ့ ။ ဟုတ်မည်။

"ကျွန်မ မဆာဘူး"

ဖြူစင်ရွှယ့်အသံက အနည်းငယ်များ ထောင့်နေသလား။ မတတ်နိုင်။ သူမ လူတွေနှင့် ပြေပြစ်အောင် မဆက်ဆံတတ်။ သူမက သိုးမည်းလေးတစ်ကောင်သာ ဖြစ်သည် ။

"စားပါ ညီမရဲ့ ဒီမှာ အစ်ကိုကြီး အများကြီး ဝယ်ထားပါတယ် ရထားပေါ်မှာ ခရီးသွားရင်း မိတ်ဖြစ်ဆွေဖြစ် စကားလေး ဘာလေးလည်း ပြောရတာပေါ့၊ ဒီနေ့ လူကျပ်တယ်နော်၊ upper ကလည်း နှစ်တွဲတည်းပါတယ်"

အစ်ကိုကြီးတဲ့ ၊ ညီမတဲ့ ။ ဖြူစင်ရွှယ် အံ့သြမိသည် ။ တကယ်ဆို ဦး

လေးနှင့် တူမအရွယ် မဟုတ်ပါလား။ တော်တော်နုချင်တဲ့ လူကြီးပဲ၊ သူ့ကိုယ်သူများ အသက်နှစ်ဆယ်လောက် မှတ်နေသလားမသိ။ ဂုဏ်သရေရှိ လူကြီးလူကောင်းပုံတော့ ပေါက်ပါသည် ။

"ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မ မကြိုက်လို့ ပါ"

ရိုင်းကာမှ ရိုင်းရော၊ ဖြူစင်ရွယ် ဇွတ်ငြင်းပစ်လိုက်သည် ။ မစားချင်ပါဘူး။ သူ့ချိုးကြော်ကြီး။ ဖြူစင်ရွယ် နှုတ်ခမ်းစူချင်ချင်။ ထိုစဉ် ဟက်ခနဲ ရယ်သံတစ်ခုကြောင့် သူမ လှမ်းကြည့်မိသည် ။ သူမ၏ ခုံနှင့် လူသွားလမ်းခြားသည့် မျက်နှာချင်းဆိုင်ခုံမှ လူတစ်ယောက်၊ အို ... သည် လူကြီးက ဘာရယ်တာလဲ။ လူကလည်း ချော လှချေလား၊ ရထားတွဲထဲ မျက်မှန်တပ်ထားပုံကိုက ခပ်မိုက်မိုက်။ နိုင်ငံခြားကားထဲမှ ဇာတ်လိုက်လိုလို၊ လူဆိုးလိုလို ရုပ်မျိုးနှင့်၊ လူပုံချောချော သဘောဆိုးဆိုး မခိုးမခန့်ရုပ်ကြီးကို ဖြူစင်ငေးကြောင်ကြောင်ဖြင့် ကြည့်မိသွားသည် ။ သတိထားမိသွားသည် ။

"ဘာကြည့်တာလဲ"

အောင်မယ် သူကပဲ တစ်ပြန်စီး။ ဖြူစင်ရွယ် ထိုလူကြီးကို အရွဲ့တိုက်ချင်စိတ်ဖြင့် သူမနံဘေးမှ လူကြီး၏ ချိုးကြော်ဆိုတာကို ဆတ်ခနဲ ယူဝါးစားပစ်လိုက်သည် ။

"ငတ်ကို ငတ်တယ်"

"ဘာရှင့်"

ထိုလူကြီးက ပခုံးတွန့်ပြီး တစ်ဖက်သို့ မျက်နှာလွှဲသွားခဲ့သည် ။ ဖြူစင်ရွယ်က ရင်ဆိုင်ရတော့သည် က ချိုးကြော်ရှင်လူကြီး၏ မေခွန်းများ ။

"စားလို့ ကောင်းလား"

"အရမ်းစားလို့ ကောင်းတာပဲ"

စားမိပြီကိုး။ အားနာပါးနာ ဒီလိုပဲ ဖြေရတော့မှာ ပေါ့။ မျက်မှန် အနက်နှင့် လူချောကြီးကတော့ နားကြားပြင်းကတ်နေမှာ ပဲ။ အိုလေ သူ က ငါလိုချာတိတ်ကို ဂရုထားမိချင်မှ ထားမိမှာ ပါ။ ကြည့်ပါလား။ ရ ထားတွဲတစ်တွဲလုံး သူ့အသံချည်းပဲ။ အရေးထဲ ရထားတွဲထဲမှာ လည်း မိန်းမချောတွေချည်း၊ လူကြီး၏ ရှေ့နောက်ဝဲယာမှာ ကောလိပ်ကျောင်း သူလေးတွေ။

"အစ်ကိုကြီး မိုက်တယ်နော် မင်းသားလုပ်စားပါလား"

"တကယ် တကယ် ကင်မရာမပါလို့ ၊ ပါရင် ဓာတ်ပုံတောင် တွဲရိုက် ချင်သေးတယ်"

"ခင်ဗျား နှုတ်ခမ်းမွေးက အမြဲရိတ်လို့ စိမ်းနေတာလား"

မိန်းကလေးတွေက အဖွဲ့တောင့်သည် မို့ မည်သူ့မျှ ဂရုမစိုက်ဘဲ စ ကားတွေ များ နေကြသည် ။ သူကလည်း အလိုက်အထိုက် ပြန်ပြောရင်း အော်တိုစာအုပ်လေးတွေမှာ လက်မှတ်ထိုးပေးနေသည် ။ လိပ်စာကတ် ကိုလည်း ဆေးကြော်ငြာဝေသလို ဝေးနေလိုက်သေး၏။ ဟင်း မုန်းစရာ။ သူ့ကိုတော့ ကိုလူချောဟု အမည်ပေးမိ၏။

"ညီမလေးက ဘယ်ကို သွားမှာ လဲ"

ဖြူစင်ရွယ်၏ မျက်ဝန်းများ ကိုယ့်နံဘေးသို့ ရွေ့ရပြန်သည် ။ သူ့ချိုး ကြော်ကြီး စားမိထားပြီမို့ စကားပြောရဦးတော့မည်။

"ရန်ကုန်"

"အေးလေ ရန်ကုန်တော့ ရန်ကုန်ပေါ့၊ ရန်ကုန် ဘယ်အရပ်ကို သွားမှာ လဲ"

"မြောက်အရပ်"

သူမ၏ နံဘေးဝဲယာမှ ရယ်သံများ ထွက်လာကြသည် ။ ဖြူစင်ရွှယ်ကိုလူချောကို ခိုးကြည့်မိပြန်သည် ။ ဟွန်း ရုပ်ကြီးကိုက၊ နှုတ်ခမ်းကို တင်းတင်းစေ့ထားပုံက ရယ်ချင်နေတာ အသိသာကြီး။

"ဘာလဲ ညီမလေးက သူ့ဆီ အလည်လာမှာ စိုးလို့ စကားကို လမ်းလွှဲပြောနေတာလား"

"အဟမ်း ဟမ်း"

တစ်ဖက်မှ လူချော၏ ချောင်းဟန့်သံကြီး ထွက်ပေါ်လာပြန်သည် ။ မချောတစ်သိုက်ကလည်း ရယ်ဖို့ အသင့်။ သူတို့ အားလုံး၏ မျက်စိများနားများက ဖြူစင်ရွှယ်နှင့် အမွေးထူလူကြီးဘက်သို့ အစွမ်းကုန် စွင့်ထားကြ၏။

ဘယ်ရမလဲ ဖြူစင်ရွှယ်ကလည်း မိန်းမသားပဲ။ အရွဲ့တိုက်တတ်သည် ။ ထော်လော်ကန့်လန့် လုပ်တတ်သည် ။

"မဟုတ်ပါဘူး အစ်ကိုကြီးရယ်၊ ရွှယ်ရွှယ် တကယ်မသိလို့ ပါ၊ အန်တီသွင်က ဘူတာမှာ လာကြိုမှာ "

"တကယ်လို့ မင်းအန်တီလာမကြိုရင် ဘယ်လိုလုပ်ပါ့မလဲ"

"ကြိုမှာ ကြိုမှာ မေမေဖုန်းဆက်ထားတယ်"

"မဟုတ်သေးပါဘူး၊ လိပ်စာတော့ ရှိရမှာ ပေါ့၊ ကလေးမရယ် မင်းဥစ္စာကြီးကလည်း ၊ ကဲ အခုရော ရန်ကုန်ကို အလုပ်လုပ်ရအောင် သွားမှာ

လား။ ဟိုမှာ အလုပ်ရှိပြီးသားလား"

"ဘာလုပ်မလို့ လဲ"

"အလုပ် မရှိရင် ကိုယ်ပေးမလို့ ပေ့ါ၊ ကိုယ့်အစ်ကိုရဲ့ ကုမ္ပဏီမှာ အလုပ်လုပ်မလား၊ တစ်လကို ဝင်ဝင်ချင်း တစ်သောင်းခွဲ ပေးမယ်"

တယ်ဟုတ်ပါလား။ တစ်သောင်းခွဲတဲ့ ။ အန်တီသွင့်ဆီ မသွားဘဲ ထို အမွေးထူကြီးနောက် လိုက်သွားဖို့ ပဲ ကောင်းတော့သည် ။ ဖြူစင်ရွှယ် ကိုလူချောဆီ ခိုးကြည့်မိပြန်သည် ။ မျက်နှာကြောကြီး တင်းနေလိုက်ပုံက တစ်ကမ္ဘာလုံးကို တင်ကျွေးထားရတဲ့ အတိုင်း။

"မလိုပါဘူးရှင်၊ ကျွန်မက အဒေါ်အိမ်သွားပြီး အခန့်သား ထိုင်စားရမှာ ၊ အလုပ်လုပ်ဖို့ မလိုပါဘူး"

ရယ်သံလေးများ ထွက်လာပြန်သည် ။ "ကြွား"တဲ့ ကိုလူချောကြီးထံမှ အသံတီးတိုးထွက်လာသည် ။

သူမအားလုံးကို ကျောခိုင်းပြီး ရထားနံရံမှာ ခေါင်းထိုး။ သိုးနေအောင် အိပ်ပစ်လိုက်သည် ။ ရထားပေါ်မှာ ပဲနော်။ ဘာအန္တရာယ် ရှိမှာလိုက်လို့ ။ ဖြူစင်ရွှယ်မှာ ခိုးစရာလုစရာ ဘာရွှေငွေပစ္စည်းမှ မရှိ။ တကယ့်ကို အဝတ်အိတ် သေးသေးလေး တစ်လုံးနှင့် အဝတ်တစ်ထည် ကိုယ်တစ်ခုသာသာ။

***

# အခန်း (၃)

ညနေဆည်းဆာ အောက်မှာ ရဲရဲစွင့်နေသည့် အဝေးမှ ပေါက်ပင်များ၏ အလှက မြူခိုးတို့ ဖြင့် ထွေးရောယှက်တင် ရှိလှသည် ။

အလင်းတစ်ဝက် မှောင်တစ်ဝက် အဖြူတစ်ဝက် အနီတစ်ဝက်ဖြင့် ဝေ့ဝဲရီညိုနေသည့် ဆည်းဆာရှုခင်းများက ဖြူစင်ရွယ်အား ပိုမိုလွမ်းဆွေးအောင် ဖန်တီးပေးနေကြသည် ။

မကြာမီ နေဝင်တော့မည် ဒေါင်းယာဉ်ပျံဖန်နေဝန်းက ကမ္ဘာလောကကြီးကို ခွဲခွာခဲ့တော့မည်။ နေဝင်တာနှင့် လမထွက်ပါဘူး။ လောကမှ လမိုက်ရက်တွေ အများကြီး ရှိသည် ။

ရွာမနီး မြို့မနီး ရိုးမ၏ အစွယ်တစ်ခုအနီးမှာ ရထားပျက်သွားခြင်းဟာ ဖြူစင်ရွယ်အတွက် အတိတ်နိမိတ် တစ်ခုဖြစ်သည် ။ ကြောက်တတ်သူများက နေစရာမရှိအောင် ကြောက်လန့်နေကြဆဲ။ သူမမှာ ဘာကို ကြောက်ရမှန်းမသိ။ ကြောင်တောင်တောင် ဖြစ်နေသည် ။

"ညီမလေး ၊ မကြောက်နဲ့ နော် ကိုယ်ရှိတယ်"

သူ့အနီးမှ လူကြီးက သူ့ကိုယ်လုံးနှင့် ထိကပ်လာရင်း အားပေးသည် ။ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်စွန်းလာခဲ့ပေပြီ။ ရထားမှ မီးပွင့်များကလည်း စုံအောင်မလင်း၊ လူကြီးက သူ့အနားသို့ တိုးလာမှုကို သူမ မနှစ်သက်။ သူမတို့ အရှေ့ခုံမှ လင်မယားကလည်း သူတို့ အဖော်များ ရှိ

ရာ တစ်ဖက်တွဲသို့ ကူးပြောင်းသွားကြပြီ။

"မကြောက်ပါဘူး၊ ဘာကို ကြောက်ရမှာ လဲ၊ ကျွန်မမှာ ဘာပါတာ မှတ်လို့ "

သူမ၏ ဘုဆတ်ဆတ်အဖြေကြောင့် လူကြီးက ဟက်ခနဲ ရယ်သည် ။

"ရွှေငွေထက် အဖိုးတန်တာ ညီမမှာ ရှိတယ်လေ၊ တကယ်လို့ များ သောင်းကြမ်းသူတွေ ဓားပြတွေ ဘာတွေလာရင် ဘယ့်နှယ်လုပ်မလဲ"

လူကြီး၏ စကားကြောင့် ဖြူစင်ရွှယ် မျက်မှောင်ကြုတ်မိသည် ။ ဟုတ်သလား။ အဲဒီလို ဖြစ်နိုင်ချေ ရှိသလား။

"ဒီရထားမှာ မီးရထားရဲတွေ ဘာတွေ ပါတယ်မဟုတ်လား၊ ဒီဘက်ခေတ်ထဲလည်း ဘာသံမှ မကြားဖူးပါဘူးနော်"

"ကိုယ်က စေတနာနဲ့ ပြောတာပါ၊ မဖြစ်ဘူးလို့ ဘယ်ပြောနိုင်မလဲ၊ ကြည့်စမ်း ရထားပျက်တဲ့ နေရာကလည်း တကယ့်နေရာကြီး တကယ့်တောင်ခြေ တောင်ကြားထဲမှာ "

ဟုတ်တော့ ဟုတ်ပြီ။ ရထားပျက်မည် မထင်သဖြင့် ခပ်ပေါ့ပေါ့ နေလာခဲ့ကြသည့် ခရီးသည် များအားလုံး၏ အသွင်က အခုတော့ နေစရာမရှိသည့် ကြွက်တွေနှယ် ဟိုနေရာစုစု သည် နေရာစုစု။ သူမမှာ ကိုလူချောရော ဘယ်နေရာမှာ ဘာသွားလုပ်နေပါလိမ့်။ ဖြူစင်ရွှယ်ရှာဖွေ နေမိသည် ။

"စားစရာလည်း ဘာမှ မရှိတော့ဘူး။ နေ့လယ်က ချိုးကြော်တွေလည်း ကုန်သွားပြီ။ ကိုယ်တွေလည်း ထမင်းချိုင့်တွေ ဘာတွေ ယူလေ့ယူထ မရှိ၊ ဆာလိုက်တာကွာ"

ယောက်ျားကြီးတန်မဲ့ ညည်းညူနေပုံကလည်း နေ့လယ်ကစားမိ

သည့် ချိုးကြော် တစ်ကောင်ကို ပြန်အန်ချချင်စဖွယ်။ သည် လောက် ဝ တုတ်ကြီးကများ အစားလေး နည်းနည်း ပျက်တာနဲ့ သေလုမတတ် ဖြစ်နေရသည် ။

"ဒုက္ခပဲ၊ ရထားက ဒီမှာ တစ်ညလုံးသာ ပျက်နေရင် ပြီးရော၊ လူတွေကလည်း ရထားပေါ်မှာ မကျန်တော့သလောက်ပဲ၊ အောက်ဆင်းကုန်ကြပြီ၊ ကဲ ဒီလိုလုပ်ရအောင် ညီမနဲ့ အစ်ကိုနဲ့ ရထားအောက်ဆင်းပြီးစားစရာလေး ဘာလေး ရှာကြရအောင်လေ"

လူကြီးစကားကြောင့် ဖြူစင်ရွှယ် မျက်မှောင်ကြုတ်မိသည် ။ လူစင်စစ်က မြေကြွက်တွေလို အစာရှာရမှာ တဲ့ လား။

"ဟင့်အင်း ... ကျွန်မ မဆာပါဘူး"

"ဟာ မဟုတ်တာ၊ မင်း ဆာကို ဆာရမယ်၊ ဒါ ပုံမှန်ဆို ညစာစားချိန် ရောက်ပြီပဲ"

"ဟုတ်ပါပြီ ၊ ဒါပေမဲ့ ကျွန်မက ခံနိုင်ရည်ရှိတယ် ၊ ထမင်းတစ်နပ် လောက် မစားရရုံနဲ့ ဘိုင်းခနဲ လဲသေမလောက် လူစားထဲမှာ ကျွန်မ မပါဘူး"

"အေး မင်း ဒါပေမဲ့ ကိုယ်ကတော့ အခုအချိန်မှာ လူသားတောင် စားချင်နေတယ်၊ အရမ်းဆာတယ်ကွာ"

"ရှင်ဆာရင် သွားရှာလေ၊ကျွန်မ ဒီမှာ ပဲ ကျန်ခဲ့မယ်"

သူမနှင့် လူကြီး၏ စကားပွဲက အကြိတ်အနယ်။ ဖြူစင်ရွှယ် အရမ်းစိတ်တိုနေမိသည် ။ ဒါ မိန်းမငယ်လေးတစ်ယောက်ထဲ ဆိုပြီး သက်သက်အနိုင်ကျင့်ခြင်း ဖြစ်သည် ။ အရေးထဲ ကိုလူချောကြီးကလည်း ဘယ်ရောက်နေပါလိမ့်။

"ကျွတ် မင်းကို စိတ်မချလို့ ပေါ့ကွာ၊ မင်းကို စောင့်ရှောက်ဖို့ ကိုယ့်မှာတာဝန်ရှိတယ်၊ အဲလို ခံစားနေမိတယ်"

လူကြီးစကားကြောင့် ဖြူစင်ရွှယ် အံ့အားသင့်သွားသည် ။ ဘာကြောင်နေတာလဲ။ ဒီလူကြီးစကား အသုံးအနှုန်းတွေကလည်း ရင့်သီး ရင်းနှီးစီးပိုး လာလေသည် ။ကြာရင်တော့ ခက်လိမ့်မည်။ မေမေပြောတဲ့ စကားတွေက ကွက်တိမှန်နေသည် ။ အသက်လေးဆယ်ကျော်ကြီး သားတစ်ရာ မြေးတစ်ရာ ရှိနေနိုင်သူကြီးက ဆယ့်ခြောက်နှစ်သားလေး သဖွယ်နွဲ့ပြနေတော့ အော်ဂလီဆန်စရာ ကောင်းနေသည် ။

"ဘာဖြစ်နေကြတာလဲ၊ ဘာတွေ ဖြစ်နေလဲ"

သူ ...

ဖြူစင်ရွှယ်အနားမှာ ဘွားခနဲ ပေါ်လာသည် က ကိုလူချောကြီးနှင့် ကောလိပ် ကျောင်းသူလေးများ ဖြစ်သည် ။

"သြော် ကိုယ့်ညီတို့ ပြန်လာတာနဲ့ အတော်ပဲ၊ ကိုယ်တို့ ကလည်း စားစရာ သွားရှာကြည့်ဦးမယ်၊ ကဲ ထ မရွှေချော"

လူကြီးက ပြောပြောဆိုဆိုဖြင့် သူမ လက်မောင်းကို ဆုပ်ကိုင်လိုက်သည် ။ ဖြူစင်ရွှယ်၏ သည်းခံစိတ်တွေ အားလုံး ကုန်ဆုံးသွားသည် ။ တစ်လုတ်စားဖူး သူ့ကျေးဇူးဆိုပေမဲ့ ချိုးကြော်တစ်ကောင် စားမိတာနှင့်တော့ ဒီလောက် သည်းခံမနေနိုင်တော့ဘူး။ သူမ လူကြီး၏ လက်ကို ဆတ်ခနဲ ပုတ်ချပစ်လိုက်သည် ။

"ကောင်းတယ်"

ကိုလူချောက သြဘာပေးပြီး ကောလိပ်ကျောင်းသူလေးများက အံ့အားသင့်ကြသည် ။ လူကြီးမျက်နှာက ညိုမည်းသွား၏။

ယခုတစ်ခါတော့ မည်သူမှ အမိန့်မပေးရဘဲနှင့် ဖြူစင်ရွှယ် ကိုလူချောကြီး အနားသို့ ရောက်သွား၏။ သူမ၏ ကျောပိုးအိတ်ကလေးကိုလည်း သယ်ဆောင်ပြီး ဖြစ်သည် ။

"ကျေးဇူးပြုပြီး နေရာချင်း လဲထိုင်ပါနော်၊ ကျေးဇူးပြုပြီး ကျွန်မကိုလည်း စောင့်ရှောက်ပါနော်"

သူမ၏ အသံတီးတိုးက နူးနူးညွတ်ညွတ်။

"အိုကေ ၊ အိုကေ ငါကလည်း စောင့်ရှောက်ချင်ပါတယ်၊ ကဲ ... အဲဒီမှာ ထိုင်၊ ရော့ ... ဒီမှာ မြေပဲလိပ်စား။ ရေသောက် ဒါပဲရှိတယ်"

ယခုတော့ ဖြူစင်ရွှယ် ဟိုလူကြီးကို လှည့်မကြည့်တော့။ ရွှေငွေတွေနှင့် ဝင်းပနေသော်လည်း အပေါ်ယံ ရွှေမှုန်ကြဲသည့် အတွင်းက ပုပ်ရိနေသည့် လူတန်းစားတစ်ရပ်လည်း ဒီကမ္ဘာမြေပေါ်မှာ ရှိကြောင်း သူမသိပေပြီ။

***

ရထားက လမ်းမှာ ပျက်နေခဲ့သဖြင့် ရန်ကုန်သို့ အချိန်မှန် မဝင်ရောက်နိုင်တော့။ ပုံမှန်အချိန်က ညခုနစ်နာရီ ရှစ်နာရီအလွန်ဆုံး ဖြစ်သော်လည်း ယခုကျ ညသန်းခေါင်ပင် ကျော်နေပေပြီ။ ဖြူစင်ရွှယ် ဘာလုပ်ရမည်လဲ။

ရန်ကုန်ဘူတာကြီးက ကျယ်ဝန်းလှသော်လည်း အကာလညအခါမို့ လူမရှုပ်ထွေးလှ။ သူမ ရထားပေါ်မှ မဆင်းဝံ့သေး။ ပြတင်းမှ သာ အရပ်ရှစ်မျက်နှာသို့ ကျီးကန်းတောင်းမှောက် ရှာကြည့်နေမိသည် ။ အန်တီသွ

င် ဘယ်မှာ လဲ။ သို့မဟုတ် အန်တီသွင် မအားလို့ ဦးလေးလှိုင်များ လာကြိုမလား။ လူအုပ်ထဲသို့ ရှာရင်းဖွေရင်း အနည်းငယ်ကြာတော့ ဖြူစင်ရွှယ် ဇောချွေးပြန်လာခဲ့သည် ။ ဘယ်သူမှ လာမကြိုခဲ့လျှင် သူမ ဘယ်လိုလုပ်ရမည်လဲ။ စိတ်ကိုတင်းပြီး ဖြူစင်ရွှယ် ရထားပေါ်မှ ဆင်းလေသည် ။

ဘူတာပလက်ဖောင်းတစ်လျှောက်မှာ စိတ်အေးသယောင် ဟန်ဆောင် လျှောက်နေရသော်လည်း သူမရင်ထဲတွင် ဗလောင်ဆူလျက် ရှိသည် ။ ဘယ်သူမှ လည်း လာမကြိုကြပါလား။ ရထားနောက်ကျလို့ ပြန်သွားပြီထင်သည် ။ တွေးရင်းဖြင့် ဖြူစင်ရွှယ် အော်ငိုချင်စိတ် ပေါက်လေ၏။ မျက်နှာကလည်း အပျက်ပျက်။

"တွေ့လား မင်းကို ဘယ်သူ လာကြိုကြလဲ"

အနားမှ အသံကြားလိုက်သဖြင့် သူမ လှည့်ကြည့်တော့ ဟိုလူကြီး။

"ကိုယ် စိတ်မချလို့ ပြန်လှည့်လာတာ ကိုယ် ဘာလုပ်ပေးရမလဲ ၊ ဖုန်းဆက်ပေးရမလား"

"ဟင့်အင်း ရ ... ရပါတယ်"

သူမအသံက တုန်တုန်ယင်ယင်။ မျက်ရည်ကလည်း ဝဲလုလို့ ။ ငိုချင်ရဲ့ လက်တို့ ဆိုတာ ဒါမျိုးဖြစ်မည်။ ကိုလူချောကြီးကတော့ ယခုလောက်ဆို အိမ်ပြန်ရောက်နေပေတော့မည်။ ရထားပေါ်မှာ တွေ့ခဲ့သော ပန်းတစ်ပွင့်ကို သူ သတိရတော့မည် မဟုတ်။

"ကျွတ် ရလို့ ဘယ်ဖြစ်မလဲ၊ ကဲ မင်း ဘယ်လိုလုပ်မလို့ လဲ"

လူကြီးအမေးကြောင့် ဖြူစင်ရွှယ် ဘူတာထဲသို့ နောက်ဆုံးအကြိမ်အဖြစ် ဝေ့ဝဲကြည့်မိပြန်၏။ ဘူတာထဲမှာ လူတွေလည်း အိပ်နေကြသား

ပဲ၊ ရထားစောင့်ကြသည့် ခရီးသည် တွေလား။ သူအုပ်စုနှင့်သူ ရှိးသား သော မိန်းမကြီးများကိုလည်း မြင်နေရသည် ။

"ကျွန်မ ဒီဘူတာထဲကပဲ ထိုင်စောင့်နေမယ်၊ အန်တီသွင်တို့ လာခေါ် လိမ့်မယ်"

"မဖြစ်နိုင်လိုက်တာ၊ မင်း ဒီဘူတာထဲမှာ ပဲ နေရင် ဒုက္ခ ရောက်သွား မှာ ပေါ့"

"မရောက်ဘူး ဟိုမှာ ရဲသားကြီးတွေလည်း ရှိသားပဲ၊ ဘာမှ မဖြစ်နိုင် ပါဘူး ကျွန်မ ကိုယ့်အန္တရာယ်ကိုယ် ကြည့်ရှောင်တတ်တယ်၊ ရှင့်အကူအ ညီတော့ လက်မခံဘူး၊ နာမည်တောင် မသိသေးတဲ့ လူတစ်ယောက်ကို များ ..."

ဖြူစင်ရွှယ်၏ စကားကြောင့် လူကြီးက နှစ်ခြိုက်စွာပြုံးလေ၏။

"ဒါလား နာမည်က ရပါတယ်၊ ကိုယ့်နာမည် ထက်မြတဲ့ ၊ ရော့ ... လိ ပ်စာကတ်"

"ဟင့်အင်း ကျွန်မ ရှင့်ကိုကြောက်တယ်၊ ရှင့်ကို မယုံဘူး၊ သွားပါ တော့၊ ကျွန်မ ဟိုအဒေါ်ကြီးတွေ နားမှာ သွားနေတော့မယ်"

ပြောပြောဆိုဆိုဖြင့် သူမ အညာသူပုံပေါက်သည့် အဒေါ်ကြီး ငါး ယောက်အနားသို့ သွားလေသည် ။ အဒေါ်ကြီးများက ဖြူစင်ရွှယ်ကို နွေး ထွေးစွာ ကြိုဆို၏။

"လာ သမီး တစ်ယောက်တည်း ခရီးထွက်လာရတယ်လို့ ပဲကွယ်"

"အိမ်က ထွက်ပြေးလာတာလား၊ ဒုက္ခ ဒုက္ခ သမီးက ဒီရန်ကုန်မှာ အ သိရှိလို့ လား"

အဒေါ်ကြီးများ ၏ ကြင်ကြင်နာနာ အမေးကြောင့် ဖြူစင်ရွှယ်မှာ ပြုံးတော့မည့် တိမ်တိုက်ကြီးနှယ် ရှိုက်ကြီးတငင် ငိုကြွေးမိလေသည် ။ မေမေရယ် ကျွန်မ ငိုပါရစေနော်။ ကျွန်မအဖြစ်က ငိုဖို့ ပဲ ကောင်းတော့တယ် မဟုတ်လား။

သည် စဉ် သူမ၏ ပခုံးပေါ်သို့ နွေးထွေးသော လက်တစ်ဖက် ကျရောက်ဆုပ်ကိုင်လာ၏။ ဘယ်သူလဲ ဦးထက်မြလား။ ဒေါသဖြစ်စွာ သူမ မော့ကြည့်လိုက်တော့ ...

"ဟင်"

ကိုလူချောကြီး။ သူ သူ မပြန်ရသေးဘူးလား။

"ထ မင်းကို ငါလိုက်ပို့မယ်၊ ငါ့ကိုရော ယုံရဲ့ လား"

ထွားထွားမြင့်မြင့် ဝင်းဝင်းပပ သူ့ရုပ်ကို မော့ကြည့်စဉ် ဦးထက်မြထွက်သွားတာ မြင်လိုက်ရ၏။ သူမ ဘာလုပ်ရမည်လဲ။ အဒေါ်ကြီးများက စိတ်ဝင်စားစွာ ကြည့်နေကြသည် ။

"နာမည်တောင် မသိကြသေးဘဲနဲ့ "

သူမ ပြောမိပြောရာ ပြောလေသည် ။ ကိုလူချောက စိတ်ရှည်လက်ရှည် ပြုံးပြ၏။

"ကိုယ့်နာမည် ခန့်ပိုင်ပါ၊ မှတ်ပုံတင်ရော ပြရဦးမလား။ ကဲ ... ထ၊ ပလက်ဖောင်းပေါ်မှာ တစ်ညလုံး ပိုးစိုးပက်စက်နေဖို့ ရာ ကိုယ် ခွင့်မပြုနိုင်ဘူး"

ခန့်ပိုင်တဲ့ ...။

သူမ ရေရွတ်မိစဉ် သူက သူမ၏ လက်မောင်းကို ဖွဖွ ဖေးမသည် ။

အလို ဒီတစ်ခါတော့ သူမ ကဲကဲမဆတ်မိတော့ပြီ။

***

တရိပ်ရိပ်ပြေးနေသည့် ကားလေးထဲမှာ ယခုတော့ ဖြူစင်ရွှယ် ချွေးပြန်နေမိသည် ။ လမ်းတွေကလည်း အကျယ်ကြီးပါလား။ တိုက်တွေကလည်း အမြင့်ကြီး၊ အများကြီးပဲ။ နေစမ်းပါဦး သူက သူမကို ဘယ်ခေါ်သွားတာတဲ့ လဲ။

မေမေ့ကို အစီအမံ ညံ့လိုက်တာလို့ တော့ ဖြူစင်ရွှယ် အပြစ်မတင်ရက်ပါ။ မေမေ့ခမျာ ဖုန်းဆက်ပေးထားခဲ့ပါသည် ။ အန်တီသွင့်ဖုန်းက အလုပ်ဌာနမှ ဖုန်းမို့ ညကြီးမင်းကြီး ဆက်သွယ်လို့ တော့မရ။ အန်တီသွင့် လိပ်စာကို ဖြူစင်ရွှယ် သေသေချာချာ ဂဃနဏ မသိ။ အင်းစိန်လို့ သာ အကြမ်းဖျဉ်းသိသည် ။ အစီအစဉ်အရ အန်တီသွင်က ဘူတာမှာ လာကြိုဖို့ ပဲ ရှိသည် မဟုတ်လား။

"ဟိတ်ကောင်မလေး နင့်နာမည်"

"ဖြူစင်ရွှယ်"

ကားထဲမှာ တိတ်ဆိတ်သွားကြပြန်သည် ။ ဒါ တက်စီလား၊ သူ့ကားလား၊ ရှေ့မှာ ဒရိုင်ဘာက မောင်းနေပြီး ကားနောက်ထဲမှာ သူမနှင့်သူ ရှိနေရသည် ။

"ဘယ်ကို ပို့ပေးရမလဲ"

"အင်းစိန်"

"နင့်အဘ ဒီထက် တိကျတာ ဘာရှိသေးလဲ"

ဖြူစင်ရွှယ်မှာ သူမ၏ လောလောဆယ် အနေအထားကို ရှင်းပြရသည် ။

"ဒါဆိုရင် မင်းကို ဘယ်လိုလုပ်ရပါ့မလဲ၊ ငါ့အိမ်ခေါ်သွားလို့ တော့ မဖြစ်ဘူး၊ ပြဿနာတွေ ရှုပ်ထွေးသွားလိမ့်မယ်"

ဦးခန့်ပိုင် စကားကြောင့် ဖြူစင်ရွှယ် ဆတ်ခနဲ လှုပ်ရှားသွား၏။

"ကျွန်မကလည်း မလိုက်ချင်ပါဘူး၊ ကျေးဇူးပြုပြီး ဖွားသီလရှင်ကျောင်း တစ်ခုခုသာ ပို့ပေးပါ"

"တည်းခိုခန်းတွေ ဆိုရင်ရော"

"ဟင့်အင်း ကျွန်မ ကြောက်တယ်၊ ကျွန်မတွေးတာက မနက်ကျရင် ရုံးချိန်ရောက်ရင် အန်တီသွင့်ဆီ ဖုန်းဆက်မယ်၊ ကျွန်မရှိတဲ့ နေရာကို သူတို့ လာခေါ်ကြလိမ့်မယ်၊ ကျွန်မကို လုံခြုံတဲ့ နေရာတစ်ခုသာ ပို့ပေးပါ"

ဖြူစင်ရွှယ့်စကားကြောင့် ခန့်ပိုင် သက်ပြင်းတစ်ခု ချသည် ။

"ဖြူစင်ရွှယ် ဟုတ်လား မင်းနာမည်"

"ဟုတ်တယ်"

"အေး ... ငါသာ မကောင်းတဲ့ လူဆိုရင် မင်း ဘယ်လိုလုပ်မလဲ"

"ရှင်"

ခန့်ပိုင်စကားကြောင့် သူမ အထိတ်တလန့် မော့ကြည့်လေသည် ။

"မလန့်ပါနဲ့ သဘောပြောတာပါ၊ မင်းကွာ အရမ်းအတာပဲ၊ ယောကျ်ားတွေကို မယုံနဲ့ ကွ၊ အရမ်းမယုံနဲ့ ၊ ဟိုလူကြီး လာခေါ်တုန်းက မင်းလိုက်သွားမှာ စိုးရိမ်လိုက်ရတာလေ"

"ဦးခန့်ပိုင်က ကြည့်နေတယ်လား"

"အေးပေါ့ မင်းကို ဘယ်သူမှ လာမကြိုရင် ဒုက္ခဆိုပြီး ကိုယ် စောင့်ကြည့်နေမိပေလို့ သာပေါ့"

"ကျေးဇူးတင်ပါတယ် သူ့နောက်တော့ ဘယ်လိုက်ပ့ါမလဲ ရုပ်ကိုက ကြာကူလီရုပ် ထွက်နေတာကြီးကို"

"မင်းက ဘယ်ပေတံနဲ့ တိုင်းလိုက်တာလဲ"

"သိနေတယ်လေ ရင်ထဲမှာ အလိုလို သိနေတယ်"

ဖြူစင်ရွှယ့်အပြောကို သူက တောက်ပြောင်စိုလက်သော မျက်ဝန်းများ ဖြင့် ကြည့်သည် ။

"ကိုယ့်ကိုယ်ကိုယ်တော့ အထင်မကြီးနဲ့ ပေါ့ ဖြူစင်ရွှယ် လူကောင်းဆိုတာလည်း ချိုပေါက်မနေဘူး၊ ကိုယ့်ကိုတော့ ယုံပါ။ အခု ကိုယ် မင်းကို ကိုယ့်သူငယ်ချင်းတိုက်ခန်းဆီ ခေါ်သွားမယ်၊ စိတ်ချ၊ မင်း တစ်ယောက်တည်း နေရမှာ ၊ အဲဒီမှာ ဖုန်းလည်း ရှိတယ်၊ မနက်ကျ မင်း အန်တီဆီ လှမ်းဖုန်းဆက်လိုက်၊ သူတို့ လာခေါ်မှ သွား"

"ရှင်ကရော"

"ငါက ငါ့အိမ်ပြန်မှာ ပေါ့ကွ၊ ဘာလဲ မင်းက"

သူ့စကားတစ်ပိုင်းတစ်စကြောင့် သူမ အရမ်းရှက်သွားမိလေသည် ။ ခေါင်းကို တွင် တွင် ယမ်းစဉ် သူမနေရမည့် တိုက်ခန်းသို့ ကားရောက်ခဲ့သည် ။ ခန့်ပိုင်က တိုက်ခန်းတံခါးကို သူ့သောဖြင့် ဖွင့်ပေးသည် ။

"အားလုံးအပြည့်အစုံပဲ၊ ဆာရင်လည်း ရှာဖွေသာစား လုံခြုံတယ်နော်၊ နေရဲလား"

တိုက်ခန်းပေါက်ဝမှာ မတ်တတ်ရပ်ရင်း သူမကြောက်ရွံ့မိနေစဉ် သူက ထွက်ခွာဖို့ ပြင်သည် ။

"အိုကေ ကျန်ခဲ့တော့နော်၊ စိတ်ချပါ၊ ဒီတိုက်ခန်းက သရဲမခြောက်ပါဘူး၊ အခွေတွေ ကြည့်ချင်လည်း ဖွင့်ကြည့်၊ ကိုယ်သွားပြီ တံခါးပိတ်လိုက်တော့"

ကားနားသို့ရောက်ပြီးမှ သူက တိုက်ခန်းထဲ ပြန်ဝင်ပြီး မီးများ ဖွင့်ပေးလေသည် ။

ခန့်ပိုင်၏ နှုတ်ဆက်အကြည့်မှာ သူမ ငြိတွယ်သွားတော့သည် ။

***

# အခန်း (၄)

ဒီအခန်းပိုင်ရှင်တွေက ဘယ်ကို သွားနေလဲ။ နိုင်ငံခြားမှာ လား ၊ ဒါမှ မဟုတ် မြန်မာပြည်ထဲမှာ ပဲလား။ ဦးခန့်ပိုင်က သူ့တိုက်ခန်းကို လှည့်ပတ်ပြီး လှည့်ပတ်ပြောခြင်းလည်း ဖြစ်နိုင်သည် ။ ဖြူစင်ရွှယ်မှာ ပြည့်စုံသော ဧည့်ခန်းလေးထဲ မလှုပ်မယှက် ထိုင်ရင်း အတွေးများ ပျံ့လွင့်နေ၏။ ဆိုဖာအနီ ဆက်တီလေးများက ခန့်ညားသည် ထက် လှပချစ်စဖွယ် ကောင်းမှုကို ပိုပြီးဆောင်သည် ။ ယခုနေ မီးပျက်သွားရင်တော့ ဒုက္ခပါပဲ။ တိုက်ခန်းထဲမှာ သရဲဘယ်နှကောင်လောက် ခိုအောင်းနေမှာ ပါလိမ့်။

ဗီဒီယိုခွေတွေ ဖွင့်ကြည့်ရအောင်လည်း သူမ မဖွင့်တတ်။ တိုက်ခန်းလေးက ပြည့်စုံနေပေမဲ့ ဖြူစင်ရွှယ် ဘာမှ မလုပ်တတ်ပါ။ ဒီညတော့ ဒီဧည့်ခန်းထဲမှာ ပဲ ထိုင်နေလိုက်တော့မည်။ အန်တီသွင့်ဆီ ရုံးချိန်ရောက်မှ ဖုန်းဆက်ရတော့မည်။

အားငယ်စိတ်ကြောက်စိတ်များကို ဖြေဖျောက်ရင်း ဆိုဖာအနီတစ်ခုပေါ်မှာ သူမ ဖြေလျော့ထိုင်ချလိုက်သည် ။ သူမ မေမေ့ရင်ခွင်မှ ထွက်ခွာပြီပဲ။ သတ္တိတွေ မွေးယူမှ ပေ့ါ ဖြူစင်ရွှယ်။

***

"ဟောဗျာ ဘယ်လိုတွေ ဖြစ်နေတာလဲ"

ညတစ်ဝက်လုံးလုံး ဆိုဖာလေးပေါ်မှာ ပဲ မလှုပ်မယှက် ထိုင်လျက် အိပ်နေတုန်း သံလက်ဆွဲတံခါးရှေ့သို့ ဦးခန့်ပိုင် ပြန်ရောက်လာခဲ့သည် ။ ဖြူစင်ရွှယ် အားရဝမ်းသာဖြင့် သံတံခါး ပြေးဖွင့်မိသည် မှာ အစာရှာရာမှ ပြန်လာသည့် ငှက်ဖိုကြီးကို ကြိုဆိုသည့် ငှက်မလေးနှယ်။

"ဘာလို့ အိပ်ရာပေါ် မအိပ်တာလဲ၊ အိပ်ရာမတွေ့လို့ လား"

"ကြောက်လို့ ကျွန်မ ကြောက်လို့ "

"ကြောက်တယ် ဘာကို ကြောက်တာလဲ၊ ဒီလောက်လုံခြုံနေတဲ့ တိုက်ခန်းထဲမှာ ဘာလဲ သရဲကြောက်တာလား"

ခန့်ပိုင်အမေးကို သူမ မဖြေ။ ကိုယ်ကြောက်နေတာကို ထပ်မံ ဝန်မခံလိုတော့။ သူက ယူလာသည့် အထုပ်များကို ဖြူစင်ရွှယ်သို့ ထိုးပေးသည် ။

"အဲဒီမှာ စားစရာတွေ၊ ဒါထက် မင်းကို ကိုယ်စောင့်ပေးနေရမလား၊ မင်းအဒေါ်လာရင် တစ်မျိုးထင်မှာ လည်း စိုးရိမ်ရသေးတယ်"

ခန့်ပိုင်စကားကို သူမကောင်းစွာ နားမလည်။ စားစရာများကိုတော့ ဖြည်စားဖို့ ပြင်လိုက်သည် ။ ညကတည်းက သူမ ဆာနေခဲ့သည် ။

"နေဦး ငါ ပန်းကန်သွားယူပေးမယ်"

သူက ကိုယ့်အိမ်ကိုယ့်ရာသဖွယ် မီးဖိုခန်းဘက်သို့ ဝင်သွားပြီး ပန်းကန်ပြားတစ်ချပ် ယူလာ၏။ ဖြူစင်ရွှယ့်ထံမှ အထုပ်ကို ပန်းကန်ပြားထဲသို့ ဖြည်ထည့်သည် ။

"စား"

ညှော့ခန်းထဲ စကားသံများ တိတ်ဆိတ်သွားသည် ။ ခန့်ပိုင်က သူမ အားရပါးရ မုန့်စားနေသည် ကို ကြည့်နေ၏။

"နော် ကိုယ်စောင့်ပေးလို့ တော့ မဖြစ်ဘူးထင်တယ်၊ ဒီလိုလုပ်၊ မင်း အန်တီတွေ လာခေါ်ရင် တိုက်ခန်းကို သော့ပိတ်ခဲ့။ ပြီးရင် သော့ကို မင်း ယူသွား"

"ရှင်"

သူနဲ့ ကိုယ်က ဘယ်တော့ ပြန်ဆုံကြမှာ မို့လို့ လဲ။ ခန့်ပိုင်စကား ကြောင့် ဖြူစင်ရွယ် အံ့သြသွားရသည် ။ ယခုထိ လိပ်စာကတ် မပေး သေးသည့် လူကြီးသည် ရိုးသားရဲ့ လား။ အသက်သုံးဆယ်ဝန်းကျင်။ ချောမောခန့်ညားသော ခန့်ပိုင်၏ ရုပ်ရည်က တွမ်ခရုစ်နှင့် ခပ်ဆင်ဆင်။

ခန့်ပိုင်ကလည်း သူ့ကို မော့ကြည့်နေသည့် ကောင်မလေးအား ပြန် ငုံ့ကြည့်သည် ။ တောက်ပသည့် မျက်လုံးလေးများက ညို့အားပြင်းပြင်း။ သို့သော် ဒီအချက်ကို ကောင်မလေး သိပုံမရ။ ဖြူစင်နုနယ်မှုက အထင်း သားပေါ်နေသည် ။ ကျစ်လျစ်သွယ်လျသော ကိုယ်ခန္ဓာကလည်း တိတိပ ပ။ ရနံ့ပြင်းတဲ့ ဆူးပွင့်လေးပါပဲ။ သူမ အလှမှာ ရီဝေမူးရူ။

"ကျွန်မက အဲဒီသော့ကို ဘယ်မှာ ပြန်ပေးရမလဲ"

"ကိစ္စမရှိဘူး ယူသာယူသွား ကိုယ်တို့ တစ်နေ့ ပြန်ဆုံကြဦးမှာ ပေါ့"

ပြောပြီး ခန့်ပိုင်က နှုတ်ဆက်ထွက်ခွာသွားသည် ။ လေပြည်တစ်ခုနှ ယ် သူမ ရင်ကို တိုက်ခတ်သွားပါပကော။ ဒီလေပြည်ကြီးက အဟု န် တော့ ပြင်းသည် ။

လိပ်စာပေးဖို့ ဘာလို့ မေ့သွားရတာလဲ လူကြီးရယ်။

***

နေ့လယ်ကျမှ အန်တီသွင်နှင့် သူမ အဆက်အသွယ်ရခဲ့သည် ။ ဖုန်းထဲမှာ တောင် အန်တီသွင့်အသံက အံ့အံ့သြသြ။

"ဘယ်ကို ဘယ်ကို လာခေါ်ရမယ်၊ အဲဒီကျောက်မြောင်းက တိုက်ခန်းက လူတွေနဲ့ ဘယ်လိုလုပ် တွေ့တာလဲ၊ အစကတည်းက အသိမိတ်ဆွေတွေလား"

"နောက်မှ မေးပါ အန်တီသွင် ရွှယ့်ကို အမြန်ဆုံးသာ လာခေါ်ပါနော်၊ တိုက်ခန်းထဲမှာ ရွှယ်တစ်ယောက်တည်းရယ်"

အန်တီသွင့်ပုံစံက ဖုန်းထဲမှာ ပင် ဆက်လက်စစ်ဆေး မေးမြန်းလိုသော်လည်း ဖြူစင်ရွှယ် ဖုန်းချပစ်လိုက်သည် ။ သူမမှာ အားအင်ကုန်ခန်းသလို ခံစားနေ၏။ မေမေ့ရင်ခွင်မှ ထွက်ခွာလာတုန်းက အင်အားများ သည် အဘယ်ကြောင့် ဆုံးရှုံးကုန်လေသည် မသိ။ လူကြီးရယ်ခင်ဗျား ပြုစားရက်တယ်နော်။

မကြာမီ အန်တီသွင် ရောက်ရှိလာခဲ့သည် ။ အငှားကားလေး တိုက်ခန်းရှေ့သို့ ထိုးဆိုက်စဉ် သူမက အသင့်ပြင်ပြီး ဖြစ်၏။ ကျောပိုးအိတ်လေးကို ကောက်လွယ်လိုက်ပြီး ဖြူစင်ရွှယ် တိုက်ခန်းအပြင်ဘက်သို့ ထွက်လိုက်သည် ။

"ရွှယ်ရွှယ်"

"အဆင်သင့်ပဲ အန်တီသွင်၊ ရွှယ်တို့ သွားစို့"

သွားစို့ဟု သူမက ဆိုသော်လည်း ဒေါ်ဖြူဖြူသွင် မသွားနိုင်သေး။ ဘာဂျာတံခါးမှ တစ်ဆင့် တိုက်ခန်းထဲသို့ ကဲကြည့် လေ့လာနေလေသည် ။

"အိမ်သားတွေ နှုတ်ဆက်ပြီးပြီလား၊ ဘယ်မှာ လဲ၊ ဘယ်ရောက်ကုန်ပြီလဲ၊ အလို ... အခန်းသော့ကို မထားခဲ့ဘူးလား၊ ဖြူစင်ရွယ် ညည်းတို့ ဥစ္စာကလည်း ဘယ်လိုကြီးလဲ"

"လာစမ်းပါ အန့်တီရယ် သွားကြမယ်"

သူမတို့ တူဝရီး၏ တွေ့ဆုံခန်းက မေးခွန်းများ နှင့်သာ ရက်ယှက်နေလေသည် ။ သံသယများက အပြည့်။

"နေစမ်းပါဦး ညည်း အမေဖုန်းဆက်တော့ နှစ်ရက်နေ့မှ လာမယ်ဆို၊ ဘယ်နေ့ကတည်းက ရောက်နေတာလဲ မိရွယ်နော်၊ ရှုပ်ရှုပ်ယှက်ယှက် ညည်းအဖေလို လျှောက်မလုပ်နဲ့ ၊ ကိုယ်က မိန်းကလေး အရွယ်ကဖြင့် လက်မလောက်ရှိသေးတယ်"

အန့်တီသွင်က စိတ်ပူပန် ရှုပ်ထွေးစွာဖြင့် ဆူသည် ။

"မနေ့က နှစ်ရက်နေ့ပဲလေ အန့်တီသွင် မေမေ သေသေချာချာ ဖုန်းဆက်ထားတာဆို"

ဒီတော့မှ အန့်တီသွင် ပိုပြီး ဒေါပွတော့သည် ။

"ဟဲ့ ... မိဖြူတို့ လုပ်လိုက်ရင် ဘာမှ သေချာတာ မရှိဘူး၊ ငါက အင်္ဂလိပ်လို နှစ်ရက်နေ့မှတ်လို့ ပေါ့၊ မြန်မာရက်ဖြင့် မြန်မာရက်၊ အင်္ဂလိပ်ရက်ဖြင့် အင်္ဂလိပ်ရက် ခွဲမပြောဘူး ၊ ဘုရား ဘုရား ပြောစမ်းပါဦး မိရွယ်ရယ်၊ ညည်း ညက ဘယ်လိုတွေ ဖြစ်သေးလဲ၊ ညည်း အမေက ဘာလို့ လိုက်မပို့သလဲ"

သူ့အပြစ်ကို မေမေ့အပြစ် ပြန်လုပ်ပစ်လိုက်သည့် အန်တီသွင်အား ဖြူစင်ရွယ် စိတ်ပျက်စွာ ကြည့်မိသည် ။

"ပိုက်ဆံမရှိလို့ ပေါ့ အန်တီသွင်ရယ်၊ ပြီးတော့ အန်တို့ဆီ ဖုန်းဆက်ထားတာပဲ ဆိုပြီး မေမေက လွှတ်လိုက်တာပါ"

"ညည်းတို့ ကလည်း အေ ဒီလောက်တောင် မွဲရသလား မအေက လည်း ဆန်မရှိ အစားကြီး သမီးကိုလည်း ဆေးကျောင်း ထားလိုက်ရ သေးတယ်၊ ညည်းအမေဟာလေ ဘာမှ အသုံးမကျပါဘူး"

ကိုယ့်အမေကို နှိပ်ကွပ်နေတာတော့ ဖြူစင်ရွယ် သည်းမခံချင်။ သို့သော် ဘာတတ်နိုင်မှာ တဲ့ လဲ။ အန်တီသွင်ကတော့ ညကကိစ္စ တိုက်ခန်းထဲ ရောက်နေသည့် ကိစ္စကိုသာ အရေးတကြီး မေးလေသည် ။

"ရထားပေါ်မှာ သိကြတာပေ့ါ၊ အန်တီသွင်၊ ညက ရထားကလည်း ပျက်နေလိုက်သေးတယ်၊ ရန်ကုန်ဝင်တော့ ညလယ်ရောက်နေပြီ၊ ရွယ် တစ်ယောက်တည်း ဘူတာထဲမှာ ထိုင်ငိုနေတုန်း သူက အဲဒီ တိုက်ခန်းဆီ ပို့ပေးတယ်"

ဖြူစင်ရွယ့်အဖြေကြောင့် အန်တီသွင် မျက်လုံးပြူးသွားသည် က ကမ္ဘာကြီး ပျက်တော့မည့် အသွင်။

"ဘုရား ဘုရား နင့်ကို သူ ဘာလုပ်သေးလဲ၊ နင် ဘာမှ မဖြစ်တာ သေချာပါတယ်နော်"

"ဘာဖြစ်ရမှာ လဲ အန်တီသွင်ရဲ့ ၊ ဘာမှ မဖြစ်ဘူး သူက သူ့အိမ်သူ ပြန်သွားတာပေ့ါ၊ ရွယ်တစ်ယောက်တည်း အဲဒီတိုက်ခန်းထဲမှ ကျန်ခဲ့ရတာ၊ ကြောက်လိုက်တာ အန်တီရယ်၊ ဒါနဲ့ ကျွန်မလည်း ဧည့်ခန်းထဲမှာပဲ တစ်ညလုံး ထိုင်နေလိုက်တော့တယ်"

မနက် သူမုန့်တွေ လာပေးတာရော ပြောပြရမလား။ သူမ အပြေးအလွှား စဉ်းစားဆုံးဖြတ်ရပြန်သည် ။

"အဲဒီကတည်းက ခုထိ သူမလာတော့ဘူးပေါ့ ဟုတ်လား"

"အင်း ဟုတ်ကဲ့"

"ဒါဖြင့် ဒီသော့ ကိုယ့်ဘာသာ ယူလာခဲ့တာပေါ့၊ အမှုတွေ ဘာတွေ ပတ်နေပါဦးမယ် မိဖြူစင်ရွှယ်ရယ်၊ ဒုက္ခပါပဲ"

အန်တီသွင် ဘာပြောပြော ဖြူစင်ရွှယ် ငြိမ်နေလိုက်တော့သည် ။

***

# အခန်း (၅)

အန်တီသွင်တို့ အိမ်မှာ အိမ်သား ခုနစ်ယောက်ရှိသည် ။ အန်တီသွင်နှင့် ဦးလေးလှိုင်၊ သူတို့ သား အစ်ကိုအေးတို့ မိသားစုက လေးယောက် ဖြူစင်ရွှယ်နှင့် ခုနစ်ယောက် ဖြစ်လေသည် ။ ကလေးနှစ်ယောက်က ခြောက်နှစ်နှင့် သုံးနှစ်။ သားကအကြီး သမီးက အငယ်။

အန်တီသွင်တို့ အားလုံး ဝန်ထမ်းတွေမို့ ကလေးနှစ်ယောက်၏ တာဝန်ကို ဖြူစင်ရွှယ် ယူရပါသည် ။

ဖြူစင်ရွှယ်မှာ မေမေ့ကို လွမ်းတာမှ အပ အားလုံး အဆင်ပြေသော်လည်း မမကြီး ဖြူစင်ကြွယ်နှင့် မတွေ့ရသေး။ မမကြီး သူမကို တွေ့လျှင် မျက်ရည်ကျပေလိမ့်မည်။ တစ်လ ငါးထောင်နှင့် ကလေးထိန်း ဝင်လုပ်နေရပေမဲ့ ကိုယ့်အဒေါ်အရင်း၏ အိမ်မှာ ပဲ မဟုတ်လား။ ဘဝမှာ သိပ်ကဲကဲဆတ်နေလို့ တော့ မရ။ နေတတ်ထိုင်တတ်အောင် သူမ ကြိုးစားပေမည်။

"မိရွှယ် နေ့လယ်ကျရင် သားကို ထမင်းသွားခွံ့ပေးဖို့ မေ့ဦးမယ်၊ သားက ပထမတန်းဆိုပေမဲ့ လူကြီးခွံ့ပေးမှ စားတတ်တာ"

မအေမီ စကားကို နာခံရင်း ဖြူစင်ရွှယ် သမီးကို သနပ်ခါး လိမ်းပေးနေရ၏။ သမီးကလည်း ဂျီကျလှသည် ။ ကလေးနှစ်ယောက်စလုံး ဂျီကျလှသည် ဟု ဖြူစင်ရွှယ် ထင်မိသည် ။ ဆွေမျိုးစပ်ကြေးဆို ကိုအေးနှင့် မ

အေမိတို့ မွေးသော ဒီကလေးများ သည် သူမ၏ တူ တူမလေးများ ပေါ့။ သို့သော် ကလေးထိန်းများ နှင့် ကြီးပြင်းခဲ့ရသော ကလေးများ သည် သူမအပေါ် ဗိုလ်ကျလှသည် ။

"ဟေ့ ... သမီး ဘာလို့ အော်ငိုအော်ငိုနေတာလဲ၊ မိရွှယ်ကလေးကို ချော့ လိုက်လေ။ ကလေးလိုတာ လုပ်ပေး လိုက်လေ၊ ရုံးမသွားခင်လေး အိမ်မှာ နားရမလား အောက်မေ့တယ်"

ကိုအေးက သဘောကောင်းပေမဲ့ မအေမီက မြည်တွန်တောက်တီး လှသည် ။ ထိုစဉ် အန်တီသွင် ဈေးမှ ပြန်ရောက်လာ၏။ သူကလည်း ခို တစ်ကောင်နှယ်၊ မေမေ့လိုများ မုန့်ဟင်းခါး ချက်ရောင်းရလျှင်တော့ ဘယ်လိုနေမည်မသိ။

"မိရွှယ်က အသုံးမကျတော့ ငါ့မှာ ပင်ပန်းရတာပေါ့၊ ခါတိုင်းကလေး ထိန်း ကောင်မလေးတွေဆို ဈေးသွားခိုင်းလို့ ရတယ်၊ ခုတော့ သူ့မှာ နံ့ လိုက် အလိုက်တာ သူ့အပြင် နှစ်ယောက်မရှိဘူး"

"မင်းတူမ ဈေးသွားခိုင်းလို့ လည်း မဖြစ်ပါဘူးကွာ၊ တော်ကြာ နောက်ကနေ စာသိမ်းတဲ့ ကားနဲ့ လိုက်နေရပါဦးမယ်"

ဦးနေလှိုင်စကားက နာကြည်းစဖွယ်။ "သူတို့ နောက်ပြောင်တာပဲ လေ" ဟု သူမဖြေရသည် ။

"ခုနစ်နာရီခွဲပြီ၊ ငါတို့ ချက်ဖို့ အချိန်မရတော့ဘူး၊ မိရွှယ် နင်ပဲချက်လိုက် ငါးကို တစ်ဝက်ချက်၊ တစ်ဝက်ကို မနက်စားဖို့ လုံးထား၊ အမဲသားက ပြုတ်ကြော်လုပ်ဖို့ ၊ ကညွတ်က ညစာမှ ကြော်မယ်၊ နင်က ခုမနက် ကျန်ခဲ့တဲ့ ဝက်သားနဲ့ အာလူးအရောကိုပဲစား၊ ဟင်းတွေ ခိုးမစားနဲ့ နော် ငါး တွေက အတုံးရေပြီးသား၊ ဈေးမှာ ကတည်းက အတုံးခိုင်းပြီးသား"

အန်တီသွင်၏ စကားများကို နားထောင်ရင်း ဖြူစင်ရွှယ်၏ ကိုယ်ခန္ဓာ တစ်ခုလုံး တဖြည်းဖြည်း ကျုံ့ကျုံ့ဝင်လာခဲ့သည် ။ ရှက်ဖို့ ကောင်းလိုက်တာ။ သူက တစိမ်းတစ်ယောက်ကို အိမ်ဖော်တစ်ယောက်ကို မှာ နေသည့်နှယ် မှာ နေကြ၏။

ဈေးခြင်းကို လှမ်းယူရင်း ဖြူစင်ရွှယ် မီးဖိုဆီ ဝင်ခဲ့သည် ။ မီးဖိုထဲမှာ သူမ ချက်ထားသည့် ထမင်းဟင်းများကို မအေမီက ထမင်းချိုင့်များ ထဲသို့ ကိုယ်တိုင်ထည့်နေ၏။ ပါးစပ်မှ လည်း ဖြူစင်ရွှယ်သို့ ညွှန်ကြားသည် ။

"ရနာရီခွဲမှာ သားကို ကျောင်းပို့သွားရမယ်၊ ကျောင်းသွားရင် သမီးကိုပါ ခေါ်သွားပြီး လမ်းထိပ်က သူ့အဘွားအိမ် ခဏဝင်ပို့ခဲ့။ နောက် နင်ပြန်လာမှ သမီးကို ပြန်ခေါ်။ နေ့လယ်သားဆီ သွားရင်လည်း အဲဒီလိုပဲ လုပ်"

"သမီး အိပ်နေရင်ရော"

ဖြူစင်ရွှယ် စောဒက တက်မိသည် ။ သူတို့ ဖိနှိပ်တာနှင့် ကိုယ့်ကိုယ်ကိုယ်တောင် ယုံကြည်မှုတွေ ကင်းမဲ့သွား၏။ သူမဟာ အိမ်ဖော်အစစ်လား။ အတုလား ကလေးထိန်း အစစ်လား။ အတုလား။

"အိပ်နေလည်း နှိုးပေ့ါ၊ ကလေးတစ်ယောက်တည်း အိမ်မှာ ထားခဲ့လို့ ဘယ်ဖြစ်မလဲ၊ အဲဒါ ရက်စက်တာပဲ၊ ပထမ ကလေးထိန်းတစ်ယောက် တုန်းကလည်း အဲဒီလို လုပ်လို့ အလုပ်ဖြုတ်ပစ်လိုက်ရတယ်"

မအေမီက သူဌေးသမီး ဖြစ်သည် ။ မာနကြီးသည် ။ ယောက်မတစ်ဝမ်းကွဲကို ဆက်ဆံပုံက ကျေးကျွန်သဖွယ်။ အိုလေ မပြည့်တဲ့ အိုးမို့ ဘောင်ဘင်ခတ်တာပါ။ မအေမီ မိဘတွေကရော ဘယ်လောက် ချမ်းသာလို့ လဲ။ ကိုယ်ပိုင်အိမ်ပဲ ရှိတာပါ။ ကားတွေ ဘာတွေနဲ့ တောင်

မဟုတ်ဘဲနှင့်။

"သားဖို့ ဟင်းများများ ထည့်ပေးပါ မေမေ၊ မနေ့က သား သားမဝဘူး၊ ရွှယ်ရွှယ်က သားဟင်းတွေ ယူစားပစ်တယ်"

"ဟုတ်လား မိရွှယ်၊ ဒါကြောင့် ခုရက်ပိုင်းမှာ သားပိန်သွားတာ"

ဂါဝန်ရှည်လေးနှင့် နုနုလှလှ ဖြူစင်ရွှယ်၏ ခေါင်းပေါ်သို့ မအေမီက ဒေါက်ခနဲ ခေါက်သည် ။ သူမမှာ အံ့အားသင့်လျက်သာ၊ ငါ အိမ်ဖော်အစစ်ကြီး ဖြစ်သွားပြီလား။

"မဟုတ်ပါဘူး မအေမီရယ်၊ သား ..."

"ဆင်ခြေမတက်ပါနဲ့ ၊ ဒါပဲ နေ့လယ်ကျရင်လည်း သမီးအတွက် ကြက်သားကြော်တွေကို ခိုးမစားနဲ့ နော်၊ သမီးလေး သမီးလေးဟင်းတွေ သူခိုးစားရင် မေမေ့ကိုပြန်တိုင် သိလား၊ သမီးကို ရိုက်ရင်လည်း မေမေ့ ပြန်ပြော"

မီးဖိုထဲမှာ ဖြူစင်ရွှယ် ပိတ်မိနေသည် ။ သူမ ဘာကောင်ဖြစ်သွားပြီလဲ။ မြေတွင်းထဲက ကြွက်တစ်ကောင်လား။ မအေမီ၏ အပြောအဆိုများကြောင့် ကလေးများက ကိုယ့်အန်တီ တစ်ဝမ်းကွဲအပေါ် စိမ်းကြခြင်းလည်း ဖြစ်မည်။

ဖြူစင်ရွှယ်မှာ ဝမ်းနည်းမနေအား ဈေးခြင်းထဲမှ ပစ္စည်းများကို တစ်ခုချင်း ထုတ်ပြီး ချက်ဖို့ ပြုတ်ဖို့ လုပ်ရသည် ။ အချိန်တွေ ဘာလို ကုန်ဆုံးသွားမှန်းပင် မသိတော့။

"မိရွှယ်ရေ တံခါးတွေ လာပိတ်တော့၊ ငါတို့ တွေ သွားပြီ၊ သားနဲ့ သမီးကို ကြည့်လိုက်ဦး၊ ဧနာရီခွဲရင် ကျောင်းပို့နော်၊ မေ့နေဦးမယ်"

နောက်ဆုံး ထွက်ခွာမည့် မအေမီ့အသံက ဧနာရီမှာ ပေါ်လာသည် ။

ဖြူစင်ရွယ် အိမ်တံခါး ပြေးပိတ်ရ၏။

"ကလေးတွေ နေကြဦးဟေ့၊ သား စည်သူအေး စနာရီခွဲရင် အန်တီ့ကို လာပြီး သတိပေးနော်၊ အန်တီ ဟင်းချက်လိုက်ဦးမယ်"

မီးဖိုနှစ်ခုမှာ လျင်မြန်စွာ ချက်ရသည် ။ ညှော်ခန်းဆီမှ မောင်နှမ၏ ငိုယိုတိုင်တန်းသံ ကြားရပြန်၏။

"အန်တီရေ ကိုကိုရယ် သမီးမုန့်တွေ လုစားနေပြီ"

ညှော်ခန်းနှင့် မီးဖိုလူးလာ တုန့်ခေါက်ရင်း စနာရီခွဲတော့ သားကို ကျောင်းပို့ဖို့ ပြင်ဆင်ရသည် ။ ကျောင်းက သိပ်တော့ မဝေး။ သို့သော် ကားလမ်းကူးရပါသည် ။

ကလေးနှစ်ယောက်နှင့် ကျောပိုးအိတ်၊ ဆွဲခြင်းများ သယ်ကာ ဖြူစင်ရွယ် ထွက်လာခဲ့သည် ။ သမီးကို လမ်းထိပ်ရှိ မအေးမှီ မိဘများ အိမ်မှာ ခေတ္တထားရသည် ။

"လာ ... သား အန်တီ့လက်ကို ဆွဲထားကွ"

ကျောပိုးအိတ်ကို လွယ်ပြီး ကလေးတစ်ဖက် ဆွဲခြင်းတစ်ဖက်ဖြင့် ဖြူစင်ရွယ် ကားလမ်းကူးရသည် ။ ရောက်စက ကားလမ်းကူးရတာ စိတ်မရဲသော်လည်း ယခုတော့ သူမ ကျွမ်းကျင်စွာ ကူးတတ်ပေပြီ။ ကားများကလည်း ရန်ကုန်မြို့လယ် ခေါင်ကြီးလောက် မရှုပ်ပေ။ သားကို ကျောင်းပို့ပြီးတော့ ဖြူစင်ရွယ် အေးဆေးစွာ ပြန်လာခဲ့သည် ။ လမ်းမကြီးတစ်လျှောက် လူများ ကားများကို ငေးကြည့် လာမိသည် ။

ဒီလောက်လူတွေ အများကြီး ကားတွေအများကြီးထဲမှာ ဦးခန့်ပိုင်များ ပါမလား။ သူက ငါ့ကို ဘာလို့ လိပ်စာပေးမသွားရတာလဲ။ ဘယ်နေရာမှာ ပဲ ပြန်တွေ့တွေ့ ပေးနိုင်ဖို့ ရာ လည်ပင်းမှာ ဆွဲထားမိသည့် သော့

လေးကို ဖြူစင်ရွှယ် စမ်းကြည့်မိသည် ။ သော့လေးက သူမ၏ ဂါဝန်လေးထဲမှာ လဲလျောင်းနေလေသည် ။ သူများ တွေမြင်ရင် ဝက်ရူးပြန်တတ်တဲ့ ကောင်မလေးလို့ ထင်တော့မှာ ပဲ။ လူကြီး၏ ရုပ်သွင်ကို မြင်ယောင်ရင်း သူမ ပြုံးမိသည် ။ သူ့ကို အမြဲ သတိရစေမိတာ ဘာကြောင့်လဲ။ သူမက အလုပ်အားနေသူလည်း မဟုတ်ဘဲနှင့်။

"ကျွိ"

"အမေ့"

အနားသို့ ကပ်ရပ်လိုက်သည့် ကားပြောင်ပြောင်လေး တစ်စီးကြောင့် သူမ ခုန်ဆတ်မိသည် ။ ဘယ်လို ကားတွေလဲ။

"ဖြူစင်ရွှယ်"

"ရှင် ဩော် ကျွန်မလည်း ခုပဲ ရှင့်အကြောင်း တွေးနေ အဲ ..."

မပြောသင့်ဘူးလား မပြောရဘူးလား။ သူမက အပျိုစင်လေးသာ ဖြစ်သည် ။ ဖြူစင်ရွှယ် ရှက်အားပိုသွားလေသည် ။ ခန့်ပိုင်က ကားတံခါး ဖွင့်ပေး၏။

"တက် ... မင်း ဘယ်က ပြန်လာတာလဲ ငါ လိုက်ပို့ပေးမယ်"

သူ့ကားပေါ်သို့ ဖြူစင်ရွှယ် မတက်ရဲပါ။ ကားဘေးမှ သာ စကားပြောနေမိ၏။ လက်တစ်ဖက်ကလည်း လည်ပင်းမှ သော့လေးကို ဖြုတ်သည် ။

"ကျွန်မ သားကို ကျောင်းလိုက်ပို့တာပါ"

"အိုကေ ဒါဆို မင်းကို လမ်းပေါ်မှာ အမြဲ တွေ့နိုင်တာပေ့ါ"

"ရှင်"

လူကြီးစကားကြောင့် သူမ ကြောင်အမ်းသွားရသည် ။

"ကိုယ် ပြောချင်တာက ဒီလိုပါ၊ မင်းအိမ်ကို လိုက်ပို့မယ်၊ အိမ်လေး ဘာလေး သိရတာပေ့ါ၊ ဒီသော့က ထားစမ်းပါ"

"ပြန်ယူသွားပါရှင်၊ ပျောက်ရင် ဒုက္ခ၊ ကျွန်မတို့ အိမ်က နည်းနည်းလှမ်းတယ် ပြီးတော့ လမ်းထိပ်ကျ သမီးကို ဝင်ခေါ်ရဦးမယ်၊ ရှင် လိုက်မပို့ပါနဲ့ ၊ ကျေးဇူးတင်ပါတယ်"

သူမက ပြောနေစဉ် ခန့်ပိုင်က ကားထဲသို့ တွန်းထည့်လိုက်သည် ။ ထို့နောက် သူက တစ်ဖက်မှ လှည့်တက်သည် ။ ဖြူစင်ရွှယ် မတားဆီးနိုင်တော့။ လူကြီးသည် တစ်ဇွတ်ထိုးသမားကြီး ဖြစ်လိမ့်မည်။ ဒုက္ခပါပဲနော် သူမ လမ်းပြရသည် ။

"အဲဒီအိမ်မှာ ကလေးဝင်ခေါ်ရဦးမယ်"

သူက ဖြူစင်ရွှယ့်အလိုကျ မအေမို့ မိဘများ တိုက်ရှေ့မှာ ကားရပ်ပေးသည် ။ သမီးလေး ပွင့်စုံအေးမှာ ကားစီးရသဖြင့် ပျော်ရွှင်နေလေသည် ။ စကားတွေကလည်း အလျှဉ်းမပြတ်။

"ဦးဦး ဒီကားကြီးက ဦးဦးကားကြီးလားဟင်၊ သမီးကို မြို့တစ်ပတ်လောက် မောင်းပို့ပါလား"

"ကလေးကတော့ ပွဲတောင်းနေပြီ လူကြီးကရော"

လူကြီးအမေးကို သူမ လျင်မြန်စွာ ငြင်းဆိုရသည် ။

"ဘယ်ဖြစ်မလဲ၊ နေ့လယ်ကျ ကျောင်းမှာ ကလေးထမင်းသွားကျွေးရဦးမယ်၊ နောက်ပြီး အဝတ်တွေ ရေစိမ်ထားတာလည်း အများကြီးပဲ၊ ကျွန်မ မအားပါဘူး၊ အိမ်ပဲ ပို့ပါနော်"

ဖြူစင်ရွယ့်စကားကြောင့် ခန့်ပိုင် သက်ပြင်းချရသည် ။ ဘယ်လို ဘဝ ရောက်နေရတာလဲ မိန်းကလေးရယ်။

"အိမ်ပေါ် တက်ထိုင်လို့ ရမလား၊ ဖြူစင်ရွယ်"

သူက ကိုယ့်ကို အိမ်ထိလိုက်ပို့ခဲ့သည် မို့ သူမ ဖိတ်ခေါ်ရပြန်သည် ။

"အိမ်မှာ လူကြီးတွေတော့ မရှိဘူးပေါ့နော်၊ ဒါပေမဲ့ လူကြီးမင်းကို ကျွန်မ ဖိတ်ခေါ်ပါတယ် ထိုင်ပါရှင်"

"မင်း ဘာပြောပြော ကိုယ်တော့ ဝင်ပြီ၊ ထိုင်ပြီ"

သူ့ကို ဧည့်ခန်း ကြိမ်ဆက်တီပေါ်မှာ နေရာချထားပေးပြီး သမီး ပွင့်စုံ အေးအား ဧည့်ခံထားစေသည် ။

"ကျွန်မ လက်ဖက်ရည် ဖျော်ပေးမယ်နော်"

"နေပါစေ၊ မင်းမှာ အဲဒီလို လုပ်ခွင့် ရှိလို့ လား"

"ရှင်"

သူ့စကားက ဘယ်လိုကြီးလဲ၊ ဖြူစင်ရွယ် ရှက်ရွံ့ကြေကွဲ သွားမိသည် ။ ဟုတ်တာပေါ့။ သူမက ဒီအိမ်မှာ အိမ်ဖော်သာသာပဲ။ ကိုယ့်ဧည့်သည် ကို ကော်ဖီဖျော်တိုက်ခွင့် မရှိ။

"လာပါ ဖြူစင်ရွယ် ကိုယ့်အနားမှာ ပဲ ထိုင်ပါ၊ မတွေ့ကြရတဲ့ ရက် တွေအစား စကားစမြည် ပြောရအောင်၊ မင်း ငါ့ကို မလွမ်းဘူးလား"

"ရှင်"

လူကြီးစကားကြောင့် သူမ ထပ်မံထိတ်လန့်ရပြန်သည် ။ သူ့အနား မှာ နေရရင်တော့ လိပ်ပြာလွင့်လိမ့်မည်။

"ဟို ... ဟို ... ကျွန်မအဝတ်တွေ လျှော်ရဦးမယ်၊ ကလေး ထမင်း

ကျွေးရဦးမယ်"

ဖြူစင်ရွှယ်မှာ ဘာတွေ ပြောမိမှန်း မသိတော့။ သူ့ကို သတိရနေမိပေမဲ့ ယခုကျ သူ့ကို ပြန်စေချင်နေတော့သည် ။ ကောင်းကင်ထဲမှာ အပျံသင်ဖို့ သူမ ငယ်ရွယ်ပါသေးသည် ။

"ကောင်းပြီလေ၊ ဒါဆို ကိုယ်ပြန်လိုက်ပါဦးမယ်၊ မင်းကို လွမ်းတယ်"

သူနှင့် သူ့ကားလေး ထွက်ခွာသွားရာသို့ မျက်စိတစ်ဆုံး တမ်းမျှော်ရင်း ဖြူစင်ရွှယ် မေ့လျော့ကျန်ခဲ့သည် ။

"အန်တီ ထမင်းဆာတယ်"

သမီး အသံကြားမှ သူမ အိပ်မက်မှ လန့်နိုးခဲ့သည် ။

လူကြီးရယ် ရှင်ဟာ မော်ဆရာကြီးဆိုရင်လည်း ကျွန်မကိုတော့ ချမ်းသာပေးလိုက်ပါနော်။

ရှင့်ကို ကျွန်မ ကြောက်တယ်။

***